INTERNATIONAL MONETARY FUND

COMMUNICATIONS DEPARTMENT

သတင်းထုတ်ပြန်ချက် ၁၅/၃၀၈
ချက်ခြင်းထုတ်ပြန်ရန်
ဇူလိုင် ၁၊ ၂၀၁၅

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
ဝါရှင်တန် ဒီစီ ၂၀၄၃၁ အမေရိကန်ပြည်ထောင်စု

# မြန်မာနိုင်ငံသို့ လာရောက်သည့် ၂၀၁၅ Article IV ခရီးစဉ်အပြီး သတင်းထုတ်ပြန်ချက်

ခရီးစဉ်အပြီး သတင်းထုတ်ပြန်ချက်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတစ်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်ပြီးဆုံးပြီးနောက် ထုတ်ပြန်ပေးသည့် ပဏာမတွေ့ရှိချက်များဖြစ်ပါသည်။ အဆိုပါအချက်များသည် ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အမြင်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ခံဘုတ်အဖွဲ့၏ သဘောထားမဟုတ်ပေ။ ဤခရီးစဉ်၏ ပဏာမတွေ့ရှိချက်များအပေါ်အခြေခံ၍ ကိုယ်စားလှယ်အဖွဲ့ဝင်များက အစီရင်ခံစာတစ်စောင် ပြုစုမည်ဖြစ်ပါသည်။ အဆိုပါ အစီရင်ခံစာကို စီမံအဖွဲ့၏ ခွင့်ပြုမှုအပေါ်မူတည်ပြီး အကြံပြုချက်နှင့် ဆုံးဖြတ်ချက်အတွက် တာဝန်ခံဘုတ်အဖွဲ့ထံ တင်ပြသွားမည် ဖြစ်ပါသည်။

မစ္စတာယောင်ကျန်ယန်းဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ၂၀၁၅ ခုနှစ် Article IV အကြံပြုဆွေးနွေးမှုများ ပြုလုပ်ရန် မြန်မာနိုင်ငံသို့ ဇွန် ၁၇ ရက်မှ ဇူလိုင် ၁ ရက်ထိ လာရောက်ခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးဆက်အောင်၊ ဒေါ်ခင်စောဦးနှင့် ဦးစိုးမင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် အခြားအဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ခရီးစဉ်အဆုံးတွင် မစ္စတာယန်းသည် အောက်ဖော်ပြပါ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။

"၂၀၁၄/၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) အမှန်တန်ဖိုး တိုးတက်မှုသည် ၈ ဒသမ ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပြီး ငွေကြေးဖောင်းပွမှုသည် ၂၀၁၅ ခုနှစ် မေလတွင် ၈ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ ပုဂ္ဂလိကကဏ္ဍသို့ ချေးငွေထုတ်ပေးမှုသည် အလျင်အမြန် တိုးတက်လာနေပြီး ၂၀၁၄/၁၅ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်ကထက် ၃၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၂၀၁၄/၁၅ ခုနှစ်အတွက် ဘဏ္ဍာရေးလိုငွေပြမှုသည် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်း ရှိနေသော်လည်း ဆက်သွယ်ရေးနှင့် သဘာဝဓာတ်ငွေ့တို့မှ တစ်ကြိမ်တစ်ခါသာ ရရှိနိုင်သည့် ဝင်ငွေများကို ဖယ်ထုတ်လိုက်လျှင် လိုငွေပြမှုသည် ဂျီဒီပီ၏ ၅ ဒသမ ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။ သွင်းကုန်များ အလုံးအရင်းဖြင့် တိုးတက်များပြားလာနေမှုကြောင့် ၂၀၁၄/၁၅ ခုနှစ်တွင် သာမန်ငွေပေးငွေယူရှင်းတမ်းလိုငွေပြမှုသည် ဂျီဒီပီ၏ ၆ ရာခိုင်နှုန်းခန့်အထိ ဆက်လက် ကြီးထွားလာခဲ့သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မျှော်လင့်ထားသည်ထက် နည်းပါးစွာ ဝင်ရောက်ခဲ့မှုကြောင့် ဗဟိုဘဏ်၏လက်ဝယ်ရှိ နိုင်ငံခြားအရန်ငွေပမာဏသည် သွင်းကုန်တန်ဖိုး (၃) လစာအောက်တွင် ဆက်လက် တည်ရှိနေခဲ့သည်။ အမှန်ငွေလဲနှုန်း (real effective terms) သည် ကြီးကြီးမားမား ပြောင်းလဲမှု မရှိသော်လည်း ကျပ်ငွေတန်ဖိုးမှာ သိသိသာသာ တန်ဖိုးကျဆင်းလာခဲ့သည်။

Washington, D.C. 20431 • Telephone 202-623-7100 • Fax 202-623-6772 • www.imf.org

"အင်အားကြီးမားသော ပြည်တွင်းဝယ်လိုအား၏ ဦးဆောင်မှုဖြင့် စီးပွားရေး တိုးတက်မှုသည် ၂၀၁၅/၁၆ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဆက်လက်အားကောင်းနေမည်ဟု မျှော်မှန်းထားသည်။ ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဘတ်ဂျက်လိုငွေပြမှု မြင့်တက်လာခြင်းနှင့် လိုငွေကို ငွေသားဖန်တီးမှုဖြင့် ဆက်လက် ဖြည့်ဆည်းပေးနေခြင်းတို့က ဝယ်လိုအားကို ပိုမိုအားကောင်းလာစေပြီး ဈေးငွေများကို ပိုမိုတိုးပွားလာစေမည်ဖြစ်သည်။ ထိန်းချုပ်ကန့်သတ်ခံခဲ့ရသည့် ဝယ်လိုအားကို အဆက်မပြတ် ဖြေလျှော့ပေးနေခြင်းကြောင့် ငွေကြေးဖောင်းပွမှုသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်တွင် ပိုမိုမြင့်တက်လာဖွယ်ရှိပြီး ပြည်ပငွေပေးငွေယူရှင်းတမ်း၏ သာမန်စာရင်း လိုငွေပြမှုသည်လည်း ပိုမို မြင့်မားလာမည်ဟု မျှော်မှန်းထားသည်။

"နိုင်ငံ၏ စီးပွားရေးသည် ကျဆင်းနိုင်သည့် အန္တရာယ်မျိုးနှင့် ရင်ဆိုင်နေရသည်။ ဒေါ်လာတန်ဖိုး အားကောင်းနေခြင်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းလာခြင်းတို့က မြန်မာနိုင်ငံ၏ ဘတ်ဂျက်နှင့် ပြည်ပငွေပေးငွေယူ အနေအထားများကို ပိုမိုအားလျော့လာစေနိုင်သည်။ ဈေးငွေများ အလျင်အမြန် တိုးပွားလာနေခြင်း၊ ဘတ်ဂျက်လိုငွေ ချဲ့ထွင်လာခြင်းနှင့် ကုန်သွယ်ရေးလိုငွေပြမှု ပိုမိုမြင့်မားလာခြင်းတို့ကြောင့် ဈေးနှုန်းတည်ငြိမ်မှုနှင့် ပြည်ပနှင့်အပေးအယူတည်ငြိမ်မှုတို့အပေါ် အန္တရာယ်ရှိလာနိုင်သည်။ ထို့ပြင် ဘဏ္ဍာရေးကဏ္ဍကို အလျင်အမြန် လွတ်လပ်ခွင့်ပြုလိုက်ခြင်းသည် ယေဘုယျအားဖြင့် အကျိုးဖြစ်ထွန်း စေသော်လည်း ၎င်းကို စေ့စပ်သေချာစွာ ကိုင်တွယ်စီမံခန့်ခွဲသင့်သည်။ အဆိုပါ အန္တရာယ်အလားအလာများသည် လက်ရှိ စွမ်းဆောင်ရည် အားနည်းမှုနှင့် မူဝါဒကြားခံများ ပါးလျနေမှုတို့ကြောင့် စီးပွားရေးအပေါ် ထိခိုက်လာ စေနိုင်သည်။

"ငွေကြေးဖောင်းပွမှု ဖိအားကို ထိန်းကွပ်ရန်နှင့် ငွေလဲနှုန်း ဆိုင်ရာ မျှော်လင့်ချက်များနှင့်ပတ်သက်၍ ယုံကြည်မှုရလာစေရန် တင်းကြပ်သည့်ငွေကြေးနှင့် ဘတ်ဂျက်ဆိုင်ရာ မူဝါဒများ လိုအပ်မည်ဖြစ်သည်။ ဈေးငွေတိုးချဲ့ထုတ်ပေးနေမှုကို နှေးကွေးသွားစေရန်နှင့် ဘဏ္ဍာရေးကဏ္ဍမှ အန္တရာယ်များကို လျှော့ချရန် ဘဏ်လုပ်ငန်းကဏ္ဍတွင် သေချာစွာချမှတ်ထားသည့် စံသတ်မှတ်ချက်များ လျင်မြန်စွာအစပျိုးခြင်းနှင့် ၎င်းတို့ကိုလိုက်နာစေရေး အင်တိုက်အားတိုက် အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် ဤမူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုကို အထောက်အကူ ပြုပေးရမည်ဖြစ်သည်။ အထူးသဖြင့် အောက်ပါတို့ကို လုပ်ဆောင်ရန် လိုအပ်သည်။

- ထုတ်ဈေးငွေ တိုးပွားလာနေမှုကို ထိန်းကွပ်ရန်အတွက် ငွေကြေးဆိုင်ရာ မူဝါဒများကို ပိုမိုတင်းကျပ်စွာ ကိုင်တွယ် ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဈေးကွက်တွင်ပိုလျှံနေသည့် ငွေဖြစ်လွယ်မှု အခြေအနေများကို ရှင်းလင်းဖယ်ရှားပစ်နိုင်ရန် အပ်ငွေလေလံများကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် ဘဏ်များ၏ အရန်ငွေလိုအပ်ချက်ကို အမြန်ဆုံး အသစ်သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်သည်။

- အခွန်ငွေကောက်ခံမှုနှင့် အသုံးစရိတ်ဦးစားပေး အစီအစဉ် ပြန်လည်သတ်မှတ်ခြင်းတို့တွင် ပိုမိုအားစိုက် လုပ်ဆောင်ခြင်းဖြင့် ၂၀၁၅-၁၆ ခုနှစ်အတွက် ဘဏ္ဍာရေးလိုငွေပြမှုကို လျှော့ချသင့်သည်။ မြန်မာနိုင်ငံသည် အခွန်ဘဏ္ဍာငွေများကို တိုးမြှင့်ကောက်ခံနိုင်သည့် အလားအလာများ ကြီးမားစွာ တည်ရှိနေပြီး ယင်းတို့တွင် အခွန်လျှော့ပေါ့မှုများ၊ ကင်းလွတ်ခွင့်ပြုမှုများကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊ အခွန်လိုက်နာ ထမ်းဆောင်မှုကို ပိုမိုခိုင်မာ အားကောင်းလာစေခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်သည်။

အသုံးစရိတ်ပိုင်းတွင်မူ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ငွေကြေးလွှဲပြောင်းမှုများကို ၎င်းတို့၏ အကောင်အထည်ဖော်နိုင်သည့် စွမ်းဆောင်ရည်နှင့် သုံးစွဲမှုဆိုင်ရာ တာဝန်ဝတ္တရားများပေါ် မူတည်၍ ဆောင်ရွက်သင့်သည်။ ဘဏ္ဍာရေးလိုငွေပြမှုကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဖြည့်ဆည်းပေးနေမှုအား တတ်နိုင်သမျှ ဆောလျင်စွာ စတင်လျှော့ချခြင်းသည် ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားကို လျှော့ချရာ၌ အရေးပါသည် ခြေလှမ်းတစ်ရပ် ဖြစ်မည်ဖြစ်သည်။

- ငွေလဲနှုန်းဆိုင်ရာ မျှော်လင့်ချက်များကို တည်ငြိမ်မှု ရရှိစေရန် ပိုမိုတင်းကျပ်သည့် ငွေကြေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ မရှိမဖြစ် လိုအပ်သည်။ တစ်ချိန်တည်း၌ ဈေးကွက်အခြေအနေများကို ထင်ဟပ်နေပြီး ဗဟိုဘဏ်ရည်ညွှန်းနှုန်းထားနှင့် ဈေးကွက်နှုန်းထားများအကြား တည်ရှိနေသည့် ကွာဟချက်ကို ချုပ်ငြိမ်းစေမည့် ပိုမို အလျော့အတင်းရှိသော ဗဟိုဘဏ် ရည်ညွှန်းနှုန်းထားတစ်ရပ်သည် ဝယ်လိုအားကို ထိန်းကွပ် ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေကြေး ရောင်းလိုအားကို ဈေးကွက်အတွင်းသို့ ပြန်လည် ဆောင်ကြဉ်းပေးမည်ဖြစ်သည်။ နိုင်ငံခြား အရန်ငွေများ အလွန်အကျွံ ယိုစီးကုန်ဆုံးသွားနိုင်သည့် အန္တရာယ်ကို လျှော့ချနိုင်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သွင်းကုန်လုပ်ငန်းရှင်များအား နိုင်ငံခြားငွေ ရောင်းချခြင်းကို ယှဉ်ပြိုင် သတ်မှတ်သည့် ဈေးကွက်နှုန်းထားများဖြင့် ဆောင်ရွက်သင့်သည်။

"မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းထားခြင်းသည် ဆက်လက်လုပ်ဆောင်နေသည့် စီးပွားရေးနှင့် လူမှုရေး အသွင်ကူးပြောင်းမှုများကို စီမံခန့်ခွဲရာ၌ အလွန်အရေးကြီးသည်။ ကြားကာလအတွင်း၌ အများပြည်သူ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန် ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်တစ်ခု ဖန်တီးပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုကို ထိန်းသိမ်းထားရန် ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ပိုမိုခိုင်မာ အားကောင်းစေခြင်း၊ အားလုံးအကျုံးဝင်သည့် တိုးတက်မှုကို အထောက်အကူပြုရန် စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကို ပိုမိုတိုးတက် ကောင်းမွန်စေခြင်းတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အဆက်မပြတ် ဆက်လက်လုပ်ဆောင်နေရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အဓိကသော့ချက်မှာ မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။

"ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ၎င်းတို့၏ နွေးထွေးပျူငှာ ဧည့်ဝတ်ကျေပွန်မှုနှင့် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါသည်။"